
မြင်းကပါ ကျိန်စာသင့်သူ
စာရေးသူ - မိုးစွေ

## " မြင်းကပါ ကျိန်စာသင့်သူ "

စိန်တိုး တို့ ရွာငယ်လေးက ပုဂံမြေမှာ နာမည်ကြီး မြင်းကပါရွာနဲ့ ခပ်လှမ်းလှမ်းမှာ ရှိနေတယ်၊ ရွာထဲမှာ တော့ ထုံးစံအတိုင်း ထန်းပင်တွေ ဝေဝေဆာဆာ....

ထန်းနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ၊ ယွန်းထည်လုပ်ငန်းတွေ၊ တချို့တချို့က မွေးမြူရေးလုပ်ပြီး အသက်မွေးကြတယ်၊ ရာဇဝင်တွေထဲက မြန်မာတွေရဲ့ အသည်းနှလုံးလို့ တင်စားလောက်တဲ့ ပုဂံမြေမှာ လူဖြစ်လာရလို့ လား မသိဘူး၊ တစ်ရွာလုံးက မချမ်းသာကြပေမဲ့ သူ့ဟာနဲ့ သူတော့ ဘဝင်ကျတဲ့ စိတ်ကလေးတွေ ကိုယ်စီနဲ့ နေပျော်အောင် နေနေကြတယ်၊ ဘုရားပျက်တွေ ... စေတီအပြိုတွေ၊ အုတ်ရိုး အပွဲတွေကြားမှာ သူတို့ ကလေးဘဝက ဆော့ကစားရင်းနဲ့ လွမ်းမောဖွယ်ရာ အတိတ်တွေကလည်း တထွေကြီး...။

အဲဒီအချိန်တုန်းကဆိုရင် အစိုးရကလည်း ရဲဘော်နီ၊ ရဲဘော်ဖြူ စတဲ့ ပါတီတွေကွဲ၊ အုပ်ချုပ်မှုတွေ ပျက်စီးနေတဲ့ အချိန် တိုင်းပြည် တစ်ခုလုံးကို ထိထိရောက်ရောက် မထိန်းနိုင် ဖြစ်နေတဲ့ ကာလ...၊ စိန်တိုးတို့ ရဲ့ရွာလေးကလည်း အစိုးရအုပ်ချုပ်မှုရင်ခွင်နဲ့ ဝေးနေတဲ့ ကလေးငယ်လို ဖြစ်နေရတယ်။

ဒါပေမဲ့ ရွာတွင်းရွာပြင်မှ ပြဿနာ တစ်စုံတစ်ရာ တစ်ခါမှ မဖြစ်ကြ

ဘူး၊ ဒီလို မဖြစ်အောင်လည်း ရွာတွေမှာ ရှိကြတဲ့ ဘုန်းတော်ကြီးတွေ၊ ရွာလူကြီး ရပ်မိရပ်ဖတွေက စည်းစည်းလုံးလုံးနဲ့ ထိန်းနိုင်ကြတယ်လေ၊ မြန်မာပြည်မှာ သာသနာတော် စပြီး ထွန်းကားစေတဲ့ အရပ်မို့ထင်တယ် တစ်ရွာလုံးက အေးချမ်းပြီးသားပါပဲ။

ဒါပေမဲ့ တစ်ခါတလေမှာ ပုထုဇဥ်တွေမို့ လူတွေရဲ့ စိတ်မှာ ဖြစ်လေ့ရှိတဲ့ လောဘ၊ ဒေသ၊ မောဟ မီးတွေကိုတော့ ထိန်းချုပ်ရ ခက်ခဲနေတတ်တယ်၊ စိန်တိုးတို့ ရွာကလေးက ဘေးနားဝန်းကျင်က ရွာတွေလို မချမ်းသာကြပေမဲ့လည်း သူ့ဟာနဲ့ သူတော့ နေနိုင်စားနိုင်ကြတယ်၊ ခြွင်းချက်အနေနဲ့ တချို့ ရွာထဲမှာ နေ့ချင်းညချင်း ချမ်းသာ သွားကြတဲ့ သူတွေလည်း ရှိသေးတယ်၊ ဘယ်လိုကြောင့် နေ့ချင်းညချင်း ချမ်းသာ သွားကြတာလဲ ဆိုရင် ရွာကလေးရဲ့ ရေခံမြေခံကြောင့်လို တချို့က ပြောကြတယ်၊ တချို့ကတော့ ဒီလိုကြီးပွားမှုတွေက သံသရာ အတွက် မကောင်းဘူးလို့ ပြောကြတယ်၊ ဘာကြောင့် သူတို့ တွေ ဒီလိုပြောနေကြတာလဲ...၊ စိန်တိုးကတော့ ကိုယ်နဲ့ ထိုက်လို့ ကိုယ်ရတာ... ဒါကြောင့် ချမ်းသာရတာလို့ ပဲ ယုံကြည်ထားတယ် ...၊ ဘယ်လိုတွေ ချမ်းသာကြတာလဲ။

"စိန်တိုး မင်းသိပြီးပြီလား ..."

အတူတူ ထန်းရည် သောက်နေရင်းကနေ ဝက်သိုးက လှမ်းမေးလိုက်တဲ့ အခါ စိန်တိုးက

"ဝေ ဘာတုန်းကွ"

"ရွာတောင်းပိုင်းက ကိုကျော်မြတို့ တွေ မနေ့က အိမ်ဝိုင်းထဲမှာ ရေတွင်းတူးရင်း မြေထဲကနေ ရွှေအိုးကြီးတွေ့လို့ တဲ့ ဟ..."

"ဟ... မင်းပြောတာ တကယ်လားဟ ငါတို့ တွေတောင် မသိလိုက်ဘူး"

"ဟုတ်တယ်ဟေ့… အဲဒီသတင်းကို ကိုကျော်မြရဲ့ မိန်းမ မညိုချောပါး စပ်က ယောင်ပြီး ထွက်လာလို့ ငါတို့ သိရတာ… ငါလည်း ငါ့မိန်းမဆီက ပြန်ကြား လာတာဟေ့…၊ ငါတို့ ကိုကျော်မြကတော့ ဘူးခံငြင်းနေတာပဲ၊ မကြာခင် ရက်ပိုင်းကျရင် ဒီလူတွေ အိမ်ဝိုင်းတွေပြင်မလား၊ မြို့ပဲတက်မလား မသိဘူး စောင့်ကြည့်ရမှာ ပဲ…"

သူတို့ နှစ်ယောက် စကားကို ကြားဖြတ်အနေနဲ့ သာခင်က

"ဟုတ်တယ် ဒီလူတွေ သွားမေးရင်လည်း ဟိုဘက်ရွာတွေက ဘယ်ကမှန်းမသိတဲ့ အမျိုးတွေဆီက အမွေရတယ်လို့ ပဲ လိမ်မှာ သေချာတယ် "

သူငယ်ချင်းတွေ စကားကို နားထောင်ပြီးနောက် စိန်တိုးက အားအင်ပြည့်ဝ ဝင်းလဲ့နေတဲ့ မျက်ဝန်းအစုံနဲ့ တစ်စုံတစ်ရာကို တွေးနေမိတော့တယ် …။

***